**အပိုင်း (၁) အထွေထွေမူနှင့်အခြေခံမူများ ....................................... ၁**

အခန်း (၁) အထွေထွေမူများ ....................................... ၁

အပိုဒ် ၁။ စည်းမျဉ်းများနှင့် ကျင့်သုံးရမည့်မူများ ....................................... ၁

အပိုဒ် ၂။ စည်းမျဉ်းများ၏ အကျုံးဝင်မှုနယ်ပယ် ....................................... ၂

အပိုဒ် ၃။ အလုပ်အမှုဆောင်များ ရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလနှင့်နေရာ ............ ၂

အခန်း (၂) အလုပ်အမှုဆောင် ရွေးကောက်ပွဲကျင်းပခြင်း ....................................... ၂

အပိုဒ် ၄။ အလုပ်အမှုဆောင် ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ဆင့်ခေါ်ခြင်း .................. ၂

အပိုဒ် ၅။ ရွေးကောက်ပွဲဆင့်ခေါ်သည့် ထုတ်ပြန်ချက်တွင်ပါဝင်ရမည့် လိုအပ်ချက်များ ......... ၃

အပိုဒ် ၆။ ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာခြင်း ..................... ၃

အခန်း (၃) ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း ....................................... ၃

အပိုဒ် ၇။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များရွေးချယ်ခြင်း ......................... ၃

အပိုဒ် ၈။ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များ ....................................... ၄

အပိုဒ် ၉။ ကြီးကြပ်ဆောင်ရွက်ရမည့် တာဝန်များ ....................................... ၅

အပိုဒ် ၁၀။ ရွေးကောက်ပွဲကော်မရှင်အစည်းအဝေးကျင်းပခြင်းနှင့်
အစည်းအဝေးအထမြောက်ခြင်း ....................................... ၅

အပိုဒ် ၁၁။ ရွေးကောက်ပွဲကော်မရှင်၏သက်တမ်း ....................................... ၆

**အပိုင်း (၂) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်
တင်မြှောက်ပုံအဆင့်ဆင့် ....................................... ၆**

အခန်း (၁) ရွေးကောက်ပွဲပုံစံ ....................................... ၆

အပိုဒ် ၁၂။ ရွေးကောက်ပွဲပုံစံ နှင့် မဲပေးခြင်း ....................................... ၆

အပိုဒ် ၁၃။ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ခြင်း ....................................................................၆

(က) ဥက္ကဋ္ဌ ...................................................................................................၆

( ခ ) ဒုတိယဥက္ကဋ္ဌ ...........................................................................................၇

( ဂ ) အလုပ်အမှုဆောင် (မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ကိုယ်စားလှယ်-၄ဦး) ...............................................................................၈

(ဃ) အလုပ်အမှုဆောင် (အထက်မြန်မာပြည် / အောက်မြန်မာပြည် ကိုယ်စားလှယ်-၄ဦး) ...............................................................................၉

( င ) အလုပ်အမှုဆောင် (ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကိုယ်စားလှယ်များ) ...............................၁၀

( စ ) အလုပ်အမှုဆောင် (ဒိုင်လူကြီး) .......................................................................၁၀

(ဆ) အလုပ်အမှုဆောင် (နည်းပြဆရာ) ...................................................................၁၁

( ဇ ) အလုပ်အမှုဆောင် (လက်ရွေးစင်အားကစားသမား) ...........................................၁၂

( ဈ ) အလုပ်အမှုဆောင် (အမျိုးသမီးဘောလုံး) .........................................................၁၃

(ည) အလုပ်အမှုဆောင် (ဖူဆယ်နှင့်သဲသောင်ပြင်) ..................................................၁၄

အခန်း (၂) ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်လောင်းအား အတည်ပြုကြေညာခြင်း .......................................၁၅

အပိုဒ် ၁၄။ ရွေးကောက်ပွဲကျင်းပမည့်ရက်ကြေညာခြင်း ............................................... ၁၅

အပိုဒ် ၁၅။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း .......................................၁၅

အပိုဒ် ၁၆။ ကိုယ်စားလှယ်လောင်းများ အတည်ပြုသတ်မှတ်ကြေညာပေးခြင်း ...................၁၅

အပိုဒ် ၁၇။ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကိုယ်စားလှယ်လောင်းများ ..........................၁၆

**အပိုင်း (၃) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်မှုဆောင်များ ရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ..................................................၁၆

အခန်း (၁) လုပ်ထုံးလုပ်နည်းများ ..........................................................................၁၆

အပိုဒ် ၁၈။ မဲပေးရွေးချယ်ခြင်း လုပ်ထုံးလုပ်နည်းများ ....................................................၁၆

(က) ရွေးကောက်ပွဲကျင်းပပုံ ....................................................၁၆

( ခ ) ရွေးချယ်ခံမည့် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်နေရာများ ....................................................၁၇

( ဂ ) မဲပေးပိုင်ခွင့်ရှိသူများ ....................................................၁၈

(ဃ) မဲပေးရမည့်စနစ် ....................................................၁၈

( င ) ရွေးကောက်ပွဲမဲစာရွက်များကို ထိန်းသိမ်းခြင်း ....................................................၁၉

အပိုဒ် ၁၉။ ရွေးကောက်ပွဲရလဒ်များအား ရေတွက်ကြေညာပေးခြင်း ....................................................၁၉

အခန်း (၂) အထွေထွေ ....................................................၁၉

အပိုဒ် ၂၀။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများအား ပြင်ဆင်ခြင်း ....................................................၁၉

အပိုဒ် ၂၁။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းနှင့်အငြင်းပွားမှုများဖြစ်ပေါ်ခြင်း ....................................................၁၉

အပိုဒ် ၂၂။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းအား အတည်ပြုခြင်း ....................................................၂၀


<u>နမူနာပုံစံများ</u>


( ၁ ) ဥက္ကဋ္ဌ ပုံစံ(က) ....................................................၂၁

ပုံစံ(က-၁) ....................................................၂၂

( ၂ ) ဒုတိယ ဥက္ကဋ္ဌ ပုံစံ( ခ ) ....................................................၂၃

ပုံစံ(ခ-၁) ....................................................၂၄

( ၃ ) ကလပ်အသင်း ပုံစံ( ဂ ) ....................................................၂၅

( ၄ ) အောက်မြန်မာပြည် ပုံစံ(ဃ-၁) ....................................................၂၆

( ၅ ) အထက်မြန်မာပြည် ပုံစံ(ဃ-၂) ....................................................၂၇

( ၆ ) ဌာနဆိုင်ရာ ပုံစံ( င ) ....................................................၂၈

( ၇ ) ဒိုင်လူကြီး ပုံစံ( စ ) ....................................................၂၉

( ၈ ) နည်းပြဆရာ ပုံစံ(ဆ) ....................................................၃၀

(၁၀) လက်ရွေးစင်အားကစားသမား ပုံစံ( ဇ ) ....................................................၃၁

(၁၁) အမျိုးသမီးဘောလုံး ပုံစံ( ဈ ) ....................................................၃၂

(၁၂) ဖူဆယ်နှင့်သဲသောင်ပြင် ပုံစံ(ည) ....................................................၃၃

# အပိုင်း(၁)

# အထွေထွေမူနှင့်အခြေခံမူများ

## အခန်း(၁)

## အထွေထွေမူများ

## ၁။ စည်းမျဉ်းများနှင့်ကျင့်သုံးရမည့်မူများ

(က) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များရွေးကောက်ပွဲအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံစည်းမျဉ်းအရ ယခုထုတ်ဝေသော ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် ကော်မတီမှ လိုအပ်ချက်များနှင့် ထုတ်ပြန်ထားသောကြေညာချက်များနှင့်အညီ စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

( ခ ) ထို့အတူ ရွေးကောက်ပွဲကိုကျင်းပရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) တို့မှ ပြဋ္ဌာန်းထားသော ကျင့်ဝတ်ဆိုင်ရာကိုဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ရမည်။

( ဂ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ရွေးကောက်ပွဲဝင်ရောက်မည့်ကိုယ်စားလှယ်များအနေဖြင့် မဲဆွယ်စည်းရုံးမှုများကို ပြုလုပ်ရာတွင် မျှတပြီးဂုဏ်သိက္ခာရှိသော အပြုအမူများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာဆောင်ရွက်ရမည်။

(ဃ) ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်း အပိုဒ်-၁၄ အရ အလုပ်အမှုဆောင်လောင်းများအဖြစ် အတည်ပြု ကြေညာခြင်းမပြုမီ ရွေးကောက်ပွဲမဲဆွယ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။ ရွေးကောက်ပွဲမဲဆွယ်ခြင်းဆိုသည်မှာ ယခုစည်းမျဉ်းအရ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲရရှိရန် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သည့် လှုပ်ရှားမှုလုပ်ငန်းစဉ်များအဖြစ် နားလည်မှတ်ယူရမည်။

( င ) ဤစည်းမျဉ်းများကိုချိုးဖောက်ပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေများ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများအရ မြန်မာနိုင်ငံ

ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အရေးယူအပြစ်ပေးခြင်းကို ခံရမည်။

## ၂။ စည်းမျဉ်းများ၏ အကျုံးဝင်မှုနယ်ပယ်

(က) ဤစည်းမျဉ်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များအဖြစ် ဝင်ရောက်အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများအားလုံးနှင့် သက်ဆိုင်အကျုံးဝင်စေရမည့်အပြင်၊ အဆိုပါကိုယ်စားလှယ်လောင်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရွေးကောက်ပွဲကော်မရှင်သို့ ကိုယ်စားလှယ်လောင်းအဖြစ် စတင်လျှောက်ထားသည့်အချိန်မှစ၍ သက်ဆိုင်အကျုံးဝင် စေရမည်။

( ခ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များအဖြစ် ဝင်ရောက် အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းအားလုံးသည် ရွေးကောက်ပွဲစည်းမျဉ်းများအပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အခြေခံဖွဲ့စည်းပုံစည်းမျဉ်း၊ အချိန်အခါအလိုက် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်ဆိုင်ရာ ကိုဒ့်ဥပဒေများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထုတ်ပြန်လိုက်သည့် အခြားသောစည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာရမည်။

## ၃။ အလုပ်အမှုဆောင်များရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလနှင့်နေရာ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များရွေးကောက်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီမှ သတ်မှတ်သည့်အချိန်ကာလနှင့်နေရာတွင် ကျင်းပဆောင်ရွက်ရမည်။

# အခန်း(၂)

# အလုပ်အမှုဆောင် ရွေးကောက်ပွဲကျင်းပခြင်း

## ၄။ အလုပ်အမှုဆောင် ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ဆင့်ခေါ်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ရာထူးများအတွက် ရွေးကောက်ပွဲကို ကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်ကော်မတီ (သို့မဟုတ်) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အာဏာလွှဲအပ်ခြင်း ခံထားရသော ရွေးကောက် ပွဲကော်မရှင်မှ သတ်မှတ်ဆင့်ခေါ် ပေးရမည်။

## ၅။ ရွေးကောက်ပွဲဆင့်ခေါ်သည့် ထုတ်ပြန်ချက်တွင်ပါဝင်ရမည့် လိုအပ်ချက်များ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကိုယ်စားလှယ်များရွေးကောက်ပွဲကိုကျင်းပရန် သတ်မှတ်ဆင့်ခေါ်သည့် ထုတ်ပြန်ချက်တွင် အောက်ပါအချက်များပါဝင်ရမည်။

(က) အလုပ်အမှုဆောင်ကိုယ်စားလှယ်များ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့် အဆိုပါကော်မရှင်တွင်ပါဝင်မည့်ပုဂ္ဂိုလ်များကို ကြေညာခြင်း၊

( ခ ) ရွေးကောက်ပွဲကျင်းပမည့်အချိန်နှင့်နေရာကိုကြေညာခြင်း၊

( ဂ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံစည်းမျဉ်းများ၊ သတ်မှတ်ထားသောစည်းမျဉ်းများနှင့်အညီရေးဆွဲထားသော ရွေးကောက်ပွဲပြက္ခဒိန်ကို ကြေညာခြင်း၊

## ၆။ ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကိုယ်စားလှယ်များ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ချက်ကို မဲပေးခွင့်ရှိသည့် အဖွဲ့အစည်းများအားလုံးကို အကြောင်းကြားကြေညာပေးရမည်။ ထို့ပြင် အများပြည်သူများသိရှိစေရန် အတွက်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မီဒီယာဌာနမှနေ၍ သတင်းထုတ်ပြန်ပေးရမည်။

## အခန်း(၃)

## ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

## ၇။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များရွေးချယ်ခြင်း

(က) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်ပွဲကိုကျင်းပရန် အလို့ငှာ သင့်တော်သည့် အချိန်ကာလတစ်ခုအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီသည် ရွေးကောက်ပွဲကျင်းပရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းပေးရမည်။

( ခ ) အဆိုပါ ရွေးကောက်ပွဲကော်မရှင်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အယူခံကော်မတီမှကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီမှ အတည်ပြုခန့်အပ်ထားသော ကိုယ်စားလှယ် (၃)ဦး စုစုပေါင်း (၅)ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့ဝင်(၅)ဦးထဲမှ တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် အများသဘောတူ ပြန်လည်ခန့်အပ်ရမည်။

(ဂ) အဆိုပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အလုပ်အမှုဆောင် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲတွင်ဝင်ရောက်အရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းလိုပါက ၎င်းသည် ကော်မရှင်အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ပြီး ၎င်း၏ ကော်မရှင်လုပ်ငန်းဆိုင်ရာတာဝန်များကို ရပ်ဆိုင်းရမည်။

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းအရ ကိုယ်ကျိုးစီးပွားဆိုင်ရာပဋိပက္ခများ ဖြစ်ပေါ်၍သော်လည်းကောင်း၊ အခြားသောခိုင်လုံမှန်ကန်သည့် အကြောင်းတစ်စုံ တစ်ရာကြောင့်သော်လည်းကောင်း ၎င်း၏ကော်မရှင်လုပ်ငန်းတာဝန်ကို ပြည့်ဝစွာ မဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီအနေဖြင့် ၎င်း၏နေရာတွင် အခြားသင့်တော်သူတစ်ဦးဖြင့် အစားထိုးခန့်အပ်ရမည်။

(င) အထက်ဖော်ပြပါစာပိုဒ်အရ ထိုကဲ့သို့အစားထိုးခန့်အပ်လိုက်ပါက ဖယ်ရှားခံရသူသည် ၎င်း၏လုပ်ငန်းတာဝန်များကို အစားထိုးခန့်အပ်ခံရသူထံသို့ လွှဲပြောင်းပေးရမည်။

(စ) ရွေးကောက်ပွဲကော်မရှင်ရုံးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်ထားရှိရမည်။

(ဆ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီမံရေးရာဌာနအနေဖြင့် ရွေးကောက်ပွဲကော်မရှင်၏ရုံးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးရမည်။

## ၈။ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များ

(က) ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဖြစ်စဉ်ကို ကြီးကြပ်ဆောင်ရွက်ပေးရမည့်အပြင် အောက်ပါလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ရမည်။

(၁) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များရွေးကောက်ပွဲနှင့် ပတ်သက်သည့် စီမံခန့်ခွဲလုပ်ဆောင်မှုများကို ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်သည့်အပြင်၊ ရွေးကောက်ပွဲဖြစ်စဉ်ကို လက်ရှိထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများ၊ အခြားသော ကိုစဉပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(၂) ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကာလအတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်ပွဲစည်းမျဉ်းများကို ဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲကော်မရှင်သည် ညွှန်ကြားချက်များကို လိုအပ်သလိုထုတ်ပြန်ရမည်။

(၃) လျှောက်ထားသည့် ကိုယ်စားလှယ်လောင်းများအနက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကို စိစစ်လက်ခံအတည်ပြု၍ (၁၀)ရက် အတွင်းကြေညာရမည်။

(ခ) ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များနှင့် ပတ်သတ်၍တစ်စုံတစ်ရာ ကျေနပ်မှု မရှိပါက ရွေးကောက်ပွဲကော်မရှင်ရုံးသို့ (၃)ရက်အတွင်းပြန်လည် သုံးသပ်ပေးရန် လျှောက်ထားခွင့်ရှိသည်။

## ၉။ ကြီးကြပ်ဆောင်ရွက်ရမည့်တာဝန်များ

(က) ကိုယ်စားလှယ်လောင်းတစ်ဦးက ယခုစည်းမျဉ်းများကို ချိုးဖောက်ခြင်းရှိပါက အခြား ကိုယ်စားလှယ်လောင်းများ၊ မဲပေးခွင့်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ မတိုင်မီ (၁၅)ရက် နောက်ဆုံးထား၍ ရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြား ခွင့်ရှိသည်။ သတ်မှတ်ရက်အတွင်းတိုင်ကြားပါက ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သလို စီစစ်အရေးယူ ဆောင်ရွက်ပေးမည်။

(ခ) ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မတိုင်မီအတွင်း ကိုယ်စားလှယ်လောင်း တစ်ဦး ဦးက စည်းမျဉ်းများကို ချိုးဖောက်ခြင်းမျိုးရှိသည်ဟု ရွေးကောက်ပွဲကော်မရှင်အနေ ဖြင့် စစ်ဆေးတွေ့ရှိပါက ၎င်းအား ကိုယ်စားလှယ်လောင်းအမည်စာရင်းမှ ချက်ခြင်း ပယ်ဖျက်မည်။

## ၁၀။ ရွေးကောက်ပွဲကော်မရှင်အစည်းအဝေးကျင်းပခြင်းနှင့် အစည်းအဝေး အထ မြောက်ခြင်း

(က) ရွေးကောက်ပွဲကော်မရှင် အစည်းအဝေးများကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှ ဦးဆောင်ကျင်းပပေးရမည်ဖြစ်ပြီး ဥက္ကဋ္ဌအပါအဝင် စုစုပေါင်းအဖွဲ့ဝင်(၃)ဦး အစည်း အဝေးတက်ရောက်ပါက အစည်းအဝေးအထမြောက်မည်ဖြစ်သည်။

(ခ) ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အစည်းအဝေး တက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏မဲအနည်းအများနှင့် ဆုံးဖြတ်နိုင်သည်။ မဲအရေအတွက်တူညီနေပါက ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ၎င်း၏ဥက္ကဋ္ဌမဲကို အဆုံးအဖြတ်အနေဖြင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင်၏ အစည်းအဝေးမှတ်တမ်းများကို မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် စီမံရေးရာဌာနတွင် မှတ်တမ်းတင်သိမ်းဆည်းထားရမည်။

## ၁၁။ ရွေးကောက်ပွဲကော်မရှင်၏သက်တမ်း

ရွေးကောက်ပွဲကော်မရှင်၏သက်တမ်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များက ခန့်အပ်အတည်ပြုသည့်နေ့တွင်စတင်ပြီး၊ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နေ့တွင် သက်တမ်းပြီးဆုံးသည်။

# အပိုင်း(၂)
# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်တင်မြှောက်ပုံအဆင့်ဆင့်

## အခန်း(၁)
## ရွေးကောက်ပွဲပုံစံ

## ၁၂။ ရွေးကောက်ပွဲပုံစံ နှင့် မဲပေးခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ရာထူးများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ၏ အာဏာလွှဲအပ်ခြင်းခံထားရသော ရွေးကောက်ပွဲကော်မရှင်မှ စည်းမျဉ်းများနှင့်အညီ သတ်မှတ်ထားသည့်နေရာနှင့်အချိန်တွင် မဲပေးခွင့်ရှိသည့်ကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးချယ်စေရမည်။

## ၁၃။ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်လောင်း အရည်အချင်း သတ်မှတ်ခြင်း

### (က) ဥက္ကဋ္ဌ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် မဲပေးခွင့်ရှိသည့်အဖွဲ့အစည်း တစ်ခုခုမှ ၄င်း၏ကိုယ်စားတင်သွင်းပေးရမည်။

( ၆ ) ကိုယ်စားလှယ်လောင်းအား မဲပေးခွင့်ရှိသည့် အခြားအဖွဲ့အစည်း(၂)ခုမှ ထောက်ခံ တင်ပြပေးရမည်။

( ၇ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေး ချယ်ခံခွင့်မရှိပါ။

( ၈ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက်တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲ ကော်မရှင်သည် သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက် ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## ( ခ ) ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌရာထူးများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံ ရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် မဲပေးခွင့်ရှိသည့်အဖွဲ့အစည်း တစ်ခုခုမှ ၎င်း၏ကိုယ်စားတင်သွင်း ပေးရမည်။

( ၆ ) ကိုယ်စားလှယ်လောင်းအား မဲပေးခွင့်ရှိသည့် အခြားအဖွဲ့အစည်း(၂)ခုမှထောက်ခံ တင်ပြပေးရမည်။

( ၇ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။

( ၈ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## ( ဂ ) အလုပ်အမှုဆောင် (မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှကိုယ်စားလှယ်-၄ဦး)

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) ကလပ်အသင်းပိုင်ရှင်(သို့) ကလပ်အသင်းဥက္ကဋ္ဌ (သို့) ကလပ်အသင်းအမှုဆောင် အရာရှိချုပ် (CEO) ဖြစ်ရမည်။

( ၆ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍

အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဂင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။

( ၇ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်း အဖြစ်မှပယ်ဖျက်ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## (ဃ) အလုပ်အမှုဆောင် (အထက်မြန်မာပြည်/အောက်မြန်မာပြည်ကိုယ်စားလှယ်-၄ဦး)

အထက်မြန်မာပြည်/အောက်မြန်မာပြည် ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဂင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဂင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဂင်ပတ်သက်လုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘောလုံးအားကစား ဆိုင်ရာကိစ္စကို စိတ်ပါဂင်စားပြီး ပံ့ပိုးကူညီဆောင်ရွက် ပေးနိုင်သူဖြစ်ရမည်။

( ၆ ) လျှောက်လွှာနှင့်အတူ နိုင်ငံသားစီစစ်ရေးကဒ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ ပူးတွဲတင်ပြရမည်။

( ၇ ) သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ အကျင့်စာရိတ္တထောက်ခံချက်ပူးတွဲတင်ပြရမည်။

( ၈ ) သက်ဆိုင်ရာမြို့နယ်ဘောလုံးအဖွဲ့ချုပ်၏ ထောက်ခံချက်ပူးတွဲတင်ပြရမည်။

( ၉ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဂတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ

စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေး ချယ်ခံခွင့်မရှိပါ။

(၁၀) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲ ကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်း အဖြစ်မှပယ်ဖျက် ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## ( င ) အလုပ်အမှုဆောင် (ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကိုယ်စားလှယ်များ)

အထက်ဖော်ပြပါ ဌာနဆိုင်ရာကိုယ်စားလှယ်(၃)ဦးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန များသို့ဆက်သွယ် တောင်းခံသွားပါမည်။

## ( စ ) အလုပ်အမှုဆောင် (ဒိုင်လူကြီး)

ဒိုင်လူကြီး ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည် အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိမှတ်ပြု ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူ။

(သို့မဟုတ်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူ။

(သို့မဟုတ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူ။

( ၆ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဒိုင်လူကြီးအဖြစ်မှတ်ပုံတင်ထားသူ။

( ၇ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။

( ၈ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## (ဆ) အလုပ်အမှုဆောင် (နည်းပြဆရာ)

နည်းပြကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံးနစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) မြန်မာ့လက်ရွေးစင်အသင်းတစ်သင်းသင်းတွင် နည်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ။

(သို့မဟုတ်)

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတစ်သင်းသင်းတွင် နည်းပြဆရာအဖြစ်ဆောင်ရွက်ခဲ့သူ။

( ၆ ) တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် နည်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သူ။ (အာရှဘောလုံးအဖွဲ့ချုပ် (စီ) လိုင်စင်နှင့်အထက် အောင်မြင်ထားသူဖြစ်ရမည်)

( ၇ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။

( ၈ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## ( ၉ ) အလုပ်အမှုဆောင် (လက်ရွေးစင်အားကစားသမား)

လက်ရွေးစင်အားကစားသမား ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမားဖြစ်ခဲ့သူ။

(သို့မဟုတ်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် ဘောလုံးအားကစားသမားအဖြစ် ပါဝင်ကစားခဲ့သူ

(သို့မဟုတ်)

အဆင့်မြင့်တန်းပြိုင်ပွဲများတွင် ဘောလုံးအားကစားသမားဖြစ်ခဲ့သူ။ (အထောက်အထားပြည့်စုံစွာ ပူးတွဲတင်ပြရမည်)

(သို့မဟုတ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် ဘောလုံးအားကစားသမားဖြစ်ခဲ့သူ။ (အထောက်အထားပြည့်စုံစွာ ပူးတွဲတင်ပြရမည်)

( ၆ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေး ချယ်ခံခွင့်မရှိပါ။

( ၇ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲ ကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက် ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## ( ဈ ) အလုပ်အမှုဆောင် (အမျိုးသမီးဘောလုံး)

အမျိုးသမီးဘောလုံး ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့်အခြားဥပဒေ တရပ်ရပ်အရ စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေး ချယ်ခံခွင့်မရှိပါ။

( ၆ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲ ကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်

ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## (ည) အလုပ်အမှုဆောင် (ဖူဆယ်နှင့်သဲသောင်ပြင်)

ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

( ၁ ) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

( ၂ ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

( ၃ ) လျှောက်လွှာတင်သည့်နေ့တွင် အသက်(၃၀)နှစ်ပြည့်ပြီး၊ အသက်(၇၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ၄ ) ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကူညီပံ့ပိုးဆောင်ရွက်လိုသူများ မည်သူမဆို ဝင်ရောက်အရွေးချယ်ခံခွင့်ရရှိစေရန် ရည်ရွယ်၍ ဘောလုံးလောကတွင် အနည်းဆုံး နှစ်နှစ်ဆက်တိုက် ပါဝင်ပတ်သက်လှုပ်ရှားခဲ့သူဖြစ်ရမည်။

( ၅ ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကျင့်ဝတ်ဆိုင်ရာကိုဥပဒေအရ အရေးယူခံရသူ (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုတွင် ငွေရေးကြေးရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အမည်ပျက်ရှိခဲ့သူ (သို့မဟုတ်) ပြစ်မှုဆိုင်ရာဥပဒေနှင့် အခြားဥပဒေတရပ်ရပ်အရ စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများဖြစ်ပါက ဝင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။

( ၆ ) အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်ခုခုနှင့်ငြိစွန်းပါက ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်နေ့ရက်အတွင်း ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာမည်။ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကော်မရှင်သို့ (၃)ရက်အတွင်း ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သည်။

## အခန်း (၂)

## ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်လောင်းအား အတည်ပြုကြေညာခြင်း။

### ၁၄။ ရွေးကောက်ပွဲကျင်းပမည့်ရက်ကြေညာခြင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အလုပ်အမှုဆောင်များ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ၂လ (နှစ်လ)ကြိုတင်၍ ထုတ်ပြန်ကြေညာရမည်။

### ၁၅။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာသည့်ရက်မှစတင်၍ ရက်ပေါင်း(၃၀)ရက်အတွင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရာထူးအလိုက် သတ်မှတ်ထားသောလျှောက်လွှာပုံစံကို မှန်ကန်တိကျစွာဖော်ပြ၍ လိုအပ်သည့် အထောက်အထား/ထောက်ခံချက်များနှင့်အတူ ရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်နေ့ရက်အတွင်းတင်သွင်းရမည်။

### ၁၆။ ကိုယ်စားလှယ်လောင်းများ အတည်ပြုသတ်မှတ်ကြေညာပေးခြင်း။

(က) ရွေးကောက်ပွဲကော်မရှင်သည် ယခုစည်းမျဉ်း၏ အပိုဒ် - ၈ (က) (၃)တွင် ဖော်ပြထားသည့်အတိုင်း စီစစ်မှုများပြုလုပ်၍ ကိုယ်စားလှယ်လောင်းများအဖြစ် အတည်ပြုသည့် အမည်စာရင်းကို သတ်မှတ်ကြေညာပေးမည်။

( ခ ) ကိုယ်စားလှယ်လောင်းလျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှစ၍ စီစစ်မှုများပြုလုပ်ပြီး အထောက်အထားပြည့်စုံမှန်ကန်ပါက (၁၀)ရက်မြောက်သည့်နေ့တွင် ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုကြေညာပေးမည်။

( ဂ ) ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်လောင်းများအဖြစ် အတည်ပြုကြေညာပြီးမှသာလျှင် တရားဝင်မဲဆွယ်စည်းရုံးခွင့်ရှိသည်။

### ၁၇။ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကိုယ်စားလှယ်လောင်းများ။

(က) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ရာထူးများ ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ သော်လည်းကောင်း၊ အခြားသော ဘောလုံးအဖွဲ့အစည်းတစ်ခုခု၊ ကော်မတီတစ်ရပ်ရပ်တွင်သော် လည်း

ကောင်း၊ မြန်မာနေရှင်နယ်လိဂ် (သို့မဟုတ်) ကလပ်အသင်းတစ်သင်းသင်းတွင် သော်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါက ရွေးကောက်ပွဲမဲဆွယ် စည်းရုံးသည့်ကာလအတွင်း လက်ရှိရာထူးနေရာမှ နုတ်ထွက်ရန်မလိုအပ်ဘဲ ဆက်လက် တာဝန်ထမ်းဆောင်နိုင်သည်။

## အပိုင်း(၃)

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### အခန်း (၁)

### လုပ်ထုံးလုပ်နည်းများ

**၁၈။ မဲပေးရွေးချယ်ခြင်းလုပ်ထုံးလုပ်နည်းများ**

**(က) ရွေးကောက်ပွဲ ကျင်းပပုံ**

(၁) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးကောက်ပွဲကို သတ်မှတ်သည့် အချိန်နှင့်ကာလတွင် ကျင်းပရမည်။

(၂) ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများအား မဲပေးရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးသည့်စနစ်ကို ကျင့်သုံးမည်။

(၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ရွေးကောက်ပွဲမစတင်မီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မဲရေတွက်မည့်အဖွဲ့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်များမှ သင့်တော်သည့် အဖွဲ့ဝင်(၃)ဦးကို ရွေးချယ်ခန့်ထား၍ တာဝန်ပေးရမည်။

(၄) ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအနေဖြင့် မဲရေတွက်သည့်အဖွဲ့ဝင်များ၏ အကူအညီဖြင့် မဲပေးမည့်ပုံစံစာရွက်များဖြန့်ဝေခြင်း၊ ရေတွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။ မဲပေးသည့်လုပ်ငန်းစဉ်ကို မှန်ကန်တိကျစွာ မှတ်တမ်းတင်နိုင်ရန်အတွက် တာဝန်ယူရမည်။

(၅) ရွေးကောက်ပွဲမစတင်မီ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအနေဖြင့် မဲပေးပိုင်ခွင့်ရှိသူများကို ကြေညာပေးရမည်။

( ၆ ) မဲပေးပိုင်ခွင့်ရှိသည့်ကိုယ်စားလှယ်တစ်ဦးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များရာထူးတစ်နေရာစီအတွက် မဲတစ်မဲစီကိုသာ ပေးပိုင်ခွင့်ရှိသည်။ မဲပေးသည့်အခါတွင်လည်း မဲပေးပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း အလိုက် အင်္ဂလိပ်ဘာသာအက္ခရာစဉ်အတိုင်း စီစဉ်သတ်မှတ်၍ မဲပေးစေ ရမည်။

( ၇ ) မဲရေတွက်သည့်အခါတွင် မဲအရေအတွက်သည် မဲပေးပိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်အရေအတွက်နှင့် တူညီနေလျှင်သော်လည်းကောင်း၊ ကိုယ်စားလှယ်အရေအတွက်ထက် လျော့နည်းနေလျှင်သော်လည်းကောင်း၊ ရွေးကောက်ပွဲ အထမြောက်မည်ဖြစ်သည်။ သို့သော် မဲအရေအတွက်သည်မဲပေးပိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်အရေအတွက် ထက်ပိုနေပါက ရွေးကောက်ပွဲပျက်ပြယ်ကြောင်းကြေညာပြီး နောက်တစ်ကြိမ် မဲပေးမှုကို ပြန်လည်စတင်ရမည်။

## ( ခ ) ရွေးချယ်ခံမည့် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်နေရာများ

| | | |
|---|---|---|
| ( ၁ ) | ဥက္ကဋ္ဌ | (၁)ဦး |
| ( ၂ ) | ဒုတိယ ဥက္ကဋ္ဌ | (၂)ဦး |
| ( ၃ ) | မြန်မာနေရှင်နယ်လိဂ်-၁ ကလပ်အသင်းကိုယ်စားလှယ်များ | (၃)ဦး |
| ( ၄ ) | မြန်မာနေရှင်နယ်လိဂ်-၂ ကလပ်အသင်းများကိုယ်စားလှယ် | (၁)ဦး |
| ( ၅ ) | တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်(အထက်) | (၂)ဦး |
| ( ၆ ) | တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ် (အောက်) | (၂)ဦး |
| ( ၇ ) | ဌာနဆိုင်ရာ ကိုယ်စားလှယ်များ | (၃)ဦး |
| ( ၈ ) | အလုပ်အမှုဆောင် (ဒိုင်လူကြီး) | (၁)ဦး |
| ( ၉ ) | အလုပ်အမှုဆောင် (နည်းပြဆရာ) | (၁)ဦး |
| (၁၀) | အလုပ်အမှုဆောင် (လက်ရွေးစင်ဘောလုံးအားကစားသမား) | (၁)ဦး |
| (၁၁) | အလုပ်အမှုဆောင် (အမျိုးသမီးဘောလုံးအားကစား) | (၁)ဦး |
| (၁၂) | အလုပ်အမှုဆောင် (ဖူဆယ်နှင့် သဲသောင်ပြင်အားကစား) | (၁)ဦး |
| | **စုစုပေါင်း** | **(၁၉)ဦး** |

**(မှတ်ချက်။ ။ ရွေးချယ်ခံရသည့် ဥက္ကဋ္ဌသည် အထွေထွေအတွင်းရေးမှူးအဖွဲ့ကို သင့်တော်သည့်သူများဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။)**

## ( ဂ ) မဲပေးပိုင်ခွင့်ရှိသူများ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူစာရင်းအား အောက်ပါအတိုင်း သတ်မှတ်ရမည်။

| | | |
|---|---|---|
| ( ၁ ) | မြန်မာနေရှင်နယ်လိဂ်-၁ ကလပ်အသင်းများ | (၁၂)မဲ |
| ( ၂ ) | မြန်မာနေရှင်နယ်လိဂ်-၂ ကလပ်အသင်းများ | ( ၈ )မဲ |
| ( ၃ ) | မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ | (၂၄၁)မဲ |
| | **စုစုပေါင်း** | **(၂၆၁)မဲ** |

## (ဃ) မဲပေးရမည့်စနစ်

( ၁ ) ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ဖြန့်ဝေထားသည့် မဲပေးရမည့်စာရွက် ပုံစံတွင်သာလျှင် အမှတ်အသားပြုလုပ်မဲပေးရမည်ဖြစ်သည်။ အခြားစာရွက်များဖြင့် အမှတ်အသားပြုထားသည့် မဲစာရွက်များကို တွေ့ရှိပါက ပယ်မဲအဖြစ် သတ်မှတ်၍ ထည့်သွင်း ရေတွက်မည်မဟုတ်ပါ။ မဲပေးရမည့်စာရွက်ပုံစံပေါ်တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်များကို ရေးသားဖော်ပြထားမည်ဖြစ်ပြီး၊ မဲပေးသူသည် နေရာအလိုက် ကိုယ်စားလှယ်လောင်းတစ်ဦးကို သာလျှင် အမှန် (✓) သင်္ကေတဖြင့် ဖော်ပြ၍ မဲပေးရမည်။

( ၂ ) မဲစာရွက်ပုံစံပေါ်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ အမှတ်အသား ပြုလုပ်ထားခြင်း၊ သတ်မှတ်သင်္ကေတ မှားယွင်းဖော်ပြထားခြင်း၊ ရွေးကောက်ပွဲနှင့်မသက်ဆိုင်သည့် သင်္ကေတတစ်ခုခုဖြင့် မဲစာရွက်တွင် မှတ်သားထားခြင်းတို့တွေ့ရှိပါက **ပယ်မဲ** အဖြစ်သတ်မှတ်မည်။

( ၃ ) ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းသည့် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိပါက၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တစ်ဦးတည်း ရှိသော ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ညီလာခံသို့တင်သွင်းပြီး ညီလာခံ၏ အတည်ပြုချက်ဖြင့် ရွေးချယ်ရမည်။

( ၄ ) ရွေးကောက်ပွဲ အမည်စာရင်းတင်သွင်းသည့် ကာလအတွင်း တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများမရှိ၍ သော်လည်းကောင်း (သို့မဟုတ်) တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းမပြည့်မီ၍ သော်လည်းကောင်း ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများမရှိပါက ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ညီလာခံသို့တင်ပြပြီး ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ညီလာခံက ဆုံးဖြတ်သွားရမည်ဖြစ်သည်။

## ( င ) ရွေးကောက်ပွဲ မဲစာရွက်များကိုထိန်းသိမ်းခြင်း

ရွေးကောက်ပွဲကော်မရှင်သည် ရေတွက်ပြီးသည့်မဲစာရွက်များကို ရည်ရွယ်ပြုလုပ်ထားသည့် စာအိတ်အတွင်း ထည့်သွင်းသိမ်းဆည်းထားရမည်။ အဆိုပါ မဲစာရွက်များကို ရွေးကောက်ပွဲအပြီး ရက်ပေါင်း(၆၀) ပြည့်သည့်အချိန်တွင် ဖျက်ဆီးပစ်ရမည်။

## ၁၉။ ရွေးကောက်ပွဲရလဒ်များအား ရေတွက်ကြေညာခြင်း။

(က) ရွေးကောက်ပွဲကော်မရှင်သည် အဆိုပါ ရွေးကောက်ပွဲကျင်းပနေသည့် အချိန်အတွင်း မဲစာရင်းများကို ရေတွက်ပြီးသည်နှင့် မဲပေးခွင့်ရှိသူ ကိုယ်စားလှယ်များ၏ရှေ့တွင် ရွေးကောက်ပွဲရလဒ်အား တရားဝင်ကြေညာပေးရမည်။

( ခ ) ရွေးကောက်ပွဲရလဒ်ကြေညာပြီးသည်နှင့်တပြိုင်နက် ရွေးချယ်ခံရသည့်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များသည် ၎င်းတို့၏ရာထူးတာဝန် များအားလုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းလက်ခံရယူရမည်။

## အခန်း(၂)

## အထွေထွေ

## ၂၀။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းအား ပြင်ဆင်ခြင်း။

ယခုပြဋ္ဌာန်းထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်လိုပါက နှစ်စဉ်ကျင်းပသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ညီလာခံတွင် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ဆုံးဖြတ်ချက်အရသာလျှင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုလုပ်ရမည်။ ထိုကဲ့သို့ပြင်ဆင်ရန်အတွက် အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးက အဆိုပြုပြီး အများသဘောတူညီမှုဖြင့် ပြင်ဆင်ဆောင်ရွက်ရမည်။ လိုအပ်ပါက မဲပေးသည့်စနစ်ကိုကျင့်သုံးကာ အများဆန္ဒအရ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကို ဆောင်ရွက်မည်။

## ၂၁။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းနှင့်အငြင်းပွားမှုများဖြစ်ပေါ်ခြင်း။

ယခုရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများနှင့် ပတ်သတ်၍ တစ်စုံတစ်ရာ အငြင်းပွားမှု၊ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကွဲလွဲမှုများဖြစ်ပေါ်ပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်သည်။

## ၂၂။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းအား အတည်ပြုခြင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်များ ရွေးကောက်ပွဲစည်းမျဉ်းအား ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ( ၂၁ )ရက်နေ့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုအရ အတည်ပြုထုတ်ပြန်လိုက်သည်။

| | |
|---|---|
| ဇော်ဇော် | ကိုကိုသိန်း |
| ဥက္ကဋ္ဌ | အထွေထွေအတွင်းရေးမှူး |
| မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် | မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် |